# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ
# [နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၅]
# ရန်ကုန်မြို့၊ ၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
# (၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**[ ပြင်ဆင် : 29.07.2014, 25.09.2018 ]**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့ပုလဲလုပ်ငန်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည် -

(က) **ပုလဲ**ဆိုသည်မှာ မုတ်ကောင်အမျိုးမျိုးမှ ဖြစ်ထွန်းရရှိသည့် သဘာဝပုလဲ သို့မဟုတ် မွေးပုလဲကို ဆိုသည်။ ယင်းစကားရပ်တွင် ခွံဖုံးပုလဲနှင့် မွေးမြူရေးမှရရှိသည့် ခွံကပ်ပုလဲလည်းပါဝင်သည်၊

(ခ) **ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း**ဆိုရာတွင် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်းလုပ်ငန်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း၊ ပုလဲမွေးမြူခြင်းလုပ်ငန်းနှင့် ပုလဲဖော်ယူခြင်းလုပ်ငန်းတို့ပါဝင်သည်၊

(ဂ) **မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်း**ဆိုသည်မှာ သဘာဝငုပ်ကွက်များတွင် သတ်မှတ်ထား သည့် ရေငုပ်ကိရိယာတစ်မျိုးမျိုးတပ်ဆင်ထားသောရေယာဉ်များနှင့်ရေငုပ်သူများကို အသုံးပြုပြီး မုတ်ကောင်ရိုင်းများဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်းကို ဆိုသည်၊

(ဃ) **မုတ်ကောင်သားဖောက် မွေးမြူခြင်းလုပ်ငန်း**ဆိုသည်မှာ ပုလဲမွေးမြူသည့် မုတ်ကောင်၏အဖိုနှင့် အမမျိုးစေ့တို့ကို ဓာတ်ခွဲခန်းအတွင်း ပေါင်းစပ်သားဖောက်ပြီး ၄ လက်မအရွယ်ရောက်သည်အထိ ပြုစု စောင့်ရှောက်မွေးမြူသည့် လုပ်ငန်းကို ဆိုသည်၊

(င) **မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း** ဆိုသည်မှာ ဖမ်းဆီးစုဆောင်းရရှိသော မုတ်ကောင်များ ကိုဖြစ်စေ၊ စပက်ကော်လက်တာများဖြင့် မွေးမြူထားသော သားပေါက်မုတ်ကောင်ငယ်များကိုဖြစ်စေ၊ မွေးမြူထားသော မုတ်ကောင်များကိုဖြစ်စေ၊ ပုလဲဝတ်ဆံသွင်းထားသည့်မုတ်ကောင်များကိုဖြစ်စေ မွေးမြူပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းကို ဆိုသည်၊

Myanmar Law Information System (MLIS)

(စ) **ပုလဲမွေးမြူခြင်းလုပ်ငန်း**ဆိုသည်မှာ မုတ်ကောင်များကို ခွဲစိတ်ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံသွင်းပြီး သော မုတ်ကောင်များကို ပင်လယ်ပြင်အတွင်း ချထားမွေးမြူခြင်း၊ ခွဲစိတ်ပုလဲဖော်ခြင်း၊ ပုလဲဖော်ပြီး သော မုတ်ကောင်များကို ပြန်လည်ဝတ်ဆံသွင်းခြင်းလုပ်ငန်းကို ဆိုသည်၊

(ဆ) **ပုလဲဖော်ယူခြင်းလုပ်ငန်း**ဆိုသည်မှာ ဝတ်ဆံသွင်း ပုလဲမွေးမြူထားသော မုတ်ကောင်များကို ပုလဲ ဖော်နည်းပညာများနှင့်အညီ ခွဲစိတ်၍ ပုလဲများထုတ်ယူသည့် လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝအလျောက် ပုလဲဖြစ်ထွန်းနေသည့် မုတ်ကောင်များမှ ပုလဲထုတ်ယူခြင်းလုပ်ငန်းလည်း ပါဝင်သည်၊

(ဇ) **မုတ်ကောင်**ဆိုသည်မှာ ခန္ဓာကိုယ်အတွင်း၌ သဘာဝအခင်နှစ်ချပ်ပါရှိပြီး မုတ်ကောင်၏ အတွင်းမျက် နှာပြင်သားသည် ချောမောတောက်ပြောင်ကာ ပုလဲကို ဖြစ်ပေါ်စေနိုင်သည့် ရေချို ရေငန်နေခရု ကမာကောင် ကို ဆိုသည်၊

(ဈ) **မုတ်ခွံ** ဆိုသည်မှာ မုတ်ကောင်အား ခွဲသတ်၍ဖြစ်စေ၊ ရေအောက်တွင်မုတ်ကောင်သေ၍ဖြစ်စေ ရရှိသော မုတ်ကောင်၏အခွံကို ဆိုသည်၊

(ည) **မုတ်ခွံရောင်းချခြင်းလုပ်ငန်း**ဆိုသည်မှာ ပုလဲမွေးမြူသည့် မုတ်ကောင်အမျိုးအစား၏အခွံကို ကုန်ကြမ်းအဖြစ်ရောင်းချသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အခြားကမာခွံ၊ ပင်လယ်ခရုခွံ နှင့်ယောက်သွားများကို ရောင်းချသည့်လုပ်ငန်းများ မပါဝင်၊

(ဋ) **မုတ်ကောင်ငုပ်ကွက်** ဆိုသည်မှာ မုတ်ကောင်များပေါက်ဖွားခြင်း၊ ပြန့်ပွားခြင်း၊ ရှင်သန် နေထိုင်ခြင်း ရှိသည့် ရေပြင်နှင့် ရေအောက်ကြမ်းပြင်ကို ဆိုသည်၊

(ဌ) **မုတ်ကောင်ငုပ်ရေယာဉ်** ဆိုသည်မှာ မုတ်ကောင်ငုပ်ရန် ရည်ရွယ်၍ သတ်မှတ်ထားသည့် ရေငုပ် ကိရိယာ တစ်မျိုးမျိုးတပ်ဆင်ထားသော သို့မဟုတ် တင်ဆောင်ထားသော ရေယာဉ်ကို ဆိုသည်၊

(ဍ) **ခွင့်ပြုမိန့်**ဆိုသည်မှာ မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင် သားဖောက်မွေးမြူခြင်း၊ မုတ် ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ် မုတ်ခွံရောင်းချခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို ဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဎ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ပုဒ်မ ၉ ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်၊

(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(တ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်၊

(ထ) **ဦးဆောင်ညွှန်ကြားရေးမှူး**ဆိုသည်မှာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်၊

(ဒ) **စပက်ကော်လက်တာ** ဆိုသည်မှာ ဓာတ်ခွဲခန်းအတွင်း၌ မုတ်ကောင်အထီးနှင့် မုတ်ကောင်အမတို့ အား မျိုးစပ်၍ ရရှိလာသော မုတ်ကောင်သားပေါက်ငယ်များ တွယ်ကပ်နေသည့် ကြိုးထုံး သို့မဟုတ် အမာခံပစ္စည်းကို ဆိုသည်၊

(ဓ) **တန်ဖိုးဖြတ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပုလဲတန်ဖိုးဖြတ်အဖွဲ့ကိုဆိုသည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 29.07.2014, 25.09.2018>

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အစိုးရ၏ ပုလဲထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီရန်နှင့် ကြီးကြပ် ကွပ်ကဲရန်၊

(ဂ) မုတ်ကောင်ငုပ်ကွက်ရေပြင်များ ထိခိုက် ပျက်စီးခြင်းနှင့် မုတ်ကောင်များ မျိုးပြုန်းတီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ပုလဲထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပင်လယ်ပြင်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေး စီမံဆောင်ရွက်ရန်။

<ပြင်ဆင် 29.07.2014, 25.09.2018>

## အခန်း (၃)

## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ ဖြစ်စေ လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည် -

(က) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူ ခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ် မုတ်ခွံရောင်း ချခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း သို့မဟုတ် ပုလဲဖော်ယူခြင်း။

၅။ ဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ တင်သွင်းသည့်လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များ နှင့်ကိုက်ညီပါ က ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) အရ တင်သွင်းသည့် လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါ က ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

<ပြင်ဆင် 29.07.2014>

Myanmar Law Information System (MLIS)

၆။ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်း သို့မဟုတ် မုတ်ခွံရောင်းချ ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးဆောင် ညွှန်ကြားရေး မှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မ ၆ အရ တင်သွင်းသည့်လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက် များနှင့်ကိုက်ညီပါက ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်။

<ပြင်ဆင် 29.07.2014>

## အခန်း (၄)

## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

<ပြင်ဆင် 29.07.2014>

၈။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အခကြေး ငွေများကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဃ) ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို မြန်မာငွေဖြင့် သတ်မှတ်ချက်များနှင့် အညီ ပေးဆောင်ရမည်။

(င) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်း စေခြင်း၊ အသက်၊လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေပေါ်ရေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီ များသတ်မှတ်ခြင်း၊

(၃) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာ ရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲ အကောင်အထည် ဖော်ခြင်း၊

(၅) ပုလဲထုတ်လုပ်ခြင်းကြောင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံ ဆောင်ရွက်ခြင်း၊

(၆) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၌ မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့်လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

(စ) ထုတ်လုပ်ရရှိသည့်ပုလဲများကို ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူ၍ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံ ခြားငွေဖြင့် ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(ဆ) ထုတ်လုပ်ရရှိသည့်ပုလဲများကို နိုင်ငံခြားသို့ နိုင်ငံခြားငွေဖြင့် တင်ပို့ရောင်းချခွင့်ရှိသည်။

(ဇ) ထုတ်လုပ်ရရှိသည့်ပုလဲများကို နိုင်ငံခြားမှ ရတနာကုန်သည်များအား ဖိတ်ခေါ်၍ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ မိမိအစီအစဉ်ဖြင့် ရောင်းချခွင့်ရှိသည်။

(ဈ) သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင် ရွက်ပေးရမည်။

<ပြင်ဆင် 29.07.2014, 25.09.2018>

## အခန်း (၅)

## မှတ်ပုံတင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၉။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်ခွင့် ရရှိရန် ဦးဆောင်ညွှန်ကြားရေးမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) ရေယာဉ်ကို မှတ်ကောင်ငုပ်ရေယာဉ်အဖြစ် အသုံးပြုခြင်း၊

(ခ) ပုလဲမွေးမြူရေး ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(ဂ) မှတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(ဃ) မှတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(င) ပုလဲမွေးမြူရေး၊ ရေငုပ်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း။

<ပြင်ဆင် 29.07.2014>

၁၀။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မ ၉ အရ တင်သွင်းသည့် လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ် ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား -

(က) မှတ်ပုံတင်ခွင့်ပြုရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်အတွက် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် အခြားအခ ကြေးငွေများကို ပေးသွင်းစေရမည်၊

(ဂ) လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၁။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသဖြင့်သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက် များနှင့်အညီ ဦးဆောင်ညွှန်ကြားရေးမှူးထံသို့ လျှောက်ထားနိုင်သည်၊



Myanmar Law Information System (MLIS)

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မခွဲ (က) အရ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက် ထားချက်ကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါကသက်တမ်းတိုးမြှင့်ပေးနိုင်သည်။

## အခန်း (၆)

## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များ

၁၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) မှတ်ပုံတင်လက်မှတ်အတွက် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် အခြားအခ ကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ မြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာငွေ နှင့်နိုင်ငံခြားငွေ နှစ်ရပ်လုံးဖြင့်ဖြစ်စေ ပေးဆောင်ရမည်။

## အခန်း (၇)

## မှတ်ကောင်ငုပ်ကွက် သတ်မှတ်ခြင်း

၁၃။ ဝန်ကြီးဌာနသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မှတ်ကောင်ငုပ်ကွက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်နိုင်သည်၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက စီမံခန့်ခွဲလျက်ရှိသော ရေပြင်တွင် ပုဒ်မခွဲ (က) အရ မှတ်ကောင်ငုပ်ကွက်သတ်မှတ်လိုပါက ယင်းသို့သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) မှတ်ကောင်ငုပ်ကွက် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများ ကိုဆောင်ရွက်နိုင်ရန် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကျွမ်းကျင်သူများ ပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

<ပြင်ဆင် 25.09.2018>

၁၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မှတ်ကောင်ငုပ်ကွက်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၅။ ဝန်ကြီးဌာနသည် မှတ်ကောင်ငုပ်ကွက်များ ထိခိုက်ပျက်စီးခြင်းနှင့်မှတ်ကောင်များ မျိုးပြုန်းတီး ခြင်းတို့မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သောတားမြစ်ချက်များကို ထုတ်ပြန် နိုင်သည်။

Myanmar Law Information System (MLIS)

၁၆။ မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်တို့တွင် တွေ့ရှိရသော သဘာဝအလျောက်ပေါက်ဖွားနေသည့် မုတ်ကောင်တွင် ဖြစ်ထွန်းနေသော ပုလဲသည် နိုင်ငံတော်ပိုင် ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၈)

## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ လုပ်ငန်းတာဝန်များ

၁၇။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပုလဲထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပုလဲထုတ်လုပ်ခြင်း လုပ်ငန်းများကို ဤဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် လုပ်သားများ လုပ်ငန်းခွင်ကျွမ်း ကျင်မှုရရှိရေး အတွက် ပြည်တွင်း၌လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပြည်ပ၌ အဆင့်မြင့်နည်းပညာများ လေ့လာဆည်း ပူးစေခြင်း၊

(ဃ) ပုလဲအရေအတွက် တိုးတက်ထုတ်လုပ်ရေးနှင့် အရည်အသွေးမြင့်မားရေးတို့ကို နည်းလမ်းကြံဆပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) မုတ်ကောင်ငုပ်ကွက် ရေပြင်များ ထိခိုက်ပျက်စီးခြင်းမရှိစေရန် နည်းလမ်းကြံဆဆောင်ရွက်ခြင်း၊

(စ) မုတ်ကောင်ငုပ်ကွက် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်းပြုလုပ်ရန် လိုအပ်သလို စိစစ်ပြီးဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဆ) မုတ်ကောင်များ မျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် အလုံအလောက်ရရှိစေရန် နည်းလမ်းကြံဆဆောင်ရွက် ခြင်း၊

(ဇ) ပုလဲထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် သိပ္ပံနည်းကျသုတေသနလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဈ) ပုလဲထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၉)

## စစ်ဆေးရေးအရာရှိချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၈။ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေး အရာရှိချုပ်ဖြစ်သည်။

<ပြင်ဆင် 29.07.2014>

၁၉။ စစ်ဆေးရေးအရာရှိချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ စည်းကမ်းချက်များကို ခွင့်ပြုမိန့်ရရှိသူနှင့် မှတ်ပုံတင် လက်မှတ် ရရှိသူတို့က လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

Myanmar Law Information System (MLIS)

(ခ) ခွင့်ပြုမိန့်အရ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းခွင်မှ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၁၀)

## စစ်ဆေးရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၀။ စစ်ဆေးရေးအရာရှိချုပ်သည် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သင့်လျော်သော အရာရှိကို ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၂၁။ ဝန်ကြီးဌာနသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုမှ သင့်လျော်သောအရာရှိကို ဤဥပဒေ အလို့ငှာ စစ်ဆေးရေးအရာရှိအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ထိုသို့ တာဝန်ပေးအပ်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရမည်။

၂၂။ စစ်ဆေးရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိအား သတ်မှတ်ပေးထားသည့် မုတ်ကောင်ငုပ်ကွက်အတွင်းဖြစ်စေ၊ စစ်ဆေးရေး အရာရှိချုပ်က သီးခြားတာဝန်ပေးအပ်သည့် မုတ်ကောင်ငုပ်ကွက်အတွင်းဖြစ်စေ မုတ်ကောင်ငုပ်ရေယာဉ်၊ ရေငုပ်ကိရိယာနှင့် မုတ်ကောင်များကို လည်းကောင်း၊ မုတ်ကောင်ဖမ်းဆီးခြင်းလုပ်ငန်းနှင့် မွေးမြူခြင်းလုပ်ငန်း များကို လည်းကောင်း စစ်ဆေးခြင်း၊

(ခ) မုတ်ကောင်ငုပ်ကွက်အတွင်း သင်္ကာမကင်းဖွယ်ရာတွေ့ရှိရသော ရေယာဉ်များကို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊လိုက်ပါခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ဂ) မုတ်ကောင်ငုပ်ရေယာဉ်ပေါ်တွင် ထားရှိရမည့် စာရွက်စာတမ်း အထောက်အထားများကို တောင်းယူ စစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဃ) မုတ်ကောင်ငုပ်ရေယာဉ်၏ ရေယာဉ်မှူး၊ ရေယာဉ်အမှုထမ်းနှင့် ရေငုပ်သူများအား စစ်ဆေးမေးမြန်းခြင်း၊ လိုအပ်သလိုညွှန်ကြားခြင်း၊

(င) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော မုတ်ကောင်ငုပ်ရေယာဉ်နှင့် ယင်းရေယာဉ်ပေါ်တွင် တွေ့ရှိသော ပစ္စည်းများကို သိမ်းဆည်းခြင်း၊

(စ) တားမြစ်ထားသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများကို သိမ်းဆည်းခြင်း၊

(ဆ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးအရေးယူခြင်း၊

(ဇ) စစ်ဆေးရေးအရာရှိချုပ်က အခါအားလျော်စွာ လွှဲအပ်သော လုပ်ပိုင်ခွင့်များ၊ ပေးအပ်သော တာဝန်များကို ကျင့်သုံးဆောင်ရွက်ခြင်း။



Myanmar Law Information System (MLIS)

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၃။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ အလုပ်သမားတစ်ဦးဦးက ဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်း ကောင်း ခွင့်ပြုမိန့် ထုတ်ပေးသူသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း လိုအပ်သည်ဟုယူဆလျှင် ဒဏ်ကြေးငွေကိုပါပေးဆောင်စေခြင်း။

၂၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် လျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် သော်လည်းကောင်း ဦးဆောင်ညွှန်ကြားရေးမှူးသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါစီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည် -

(က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

<ပြင်ဆင် 29.07.2014>

## အခန်း (၁၂)

## တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

<ပြင်ဆင် 29.07.2014>

၂၅။ ဝန်ကြီးဌာနသည်-

(က) လုပ်ငန်းတစ်ခုခုမှ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်တစ်ဦးကို ဦး ဆောင်စေပြီး ပုလဲဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများ ပါဝင်စေလျက် အဖွဲ့ဝင်အနည်းဆုံး ခုနစ် ဦးမှ အများဆုံး ၁၁ ဦးဖြင့် တန်ဖိုးဖြတ်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 29.07.2014>

၂၆။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) ခွင့်ပြုမိန့်ရရှိသူများက လာရောက်ပြသသော ပုလဲများ၏အရည်အသွေး၊ အရေအတွက်၊ အလေးချိန် နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့် အညီ မှတ်ပုံတင်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

<ပြင်ဆင် 29.07.2014, 25.09.2018>

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်ပေးသည့် ပုလဲတန်ဖိုးအပေါ် ကျေနပ်မှုမရှိပါက တန်ဖိုးပြင်ဆင်သတ်မှတ်ပေးရန်အတွက် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းဝန်ကြီးဌာန သို့ လျှောက်ထားနိုင်သည်။

<ပြင်ဆင် 29.07.2014>

၂၈။ ပုဒ်မ ၂၇ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနသည်-

(က) ပစ္စည်းတန်ဖိုးများကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ သတ်မှတ်ချက်အတိုင်း အတည်ပြုနိုင်သည်။

<ပြင်ဆင် 29.07.2014>

## အခန်း (၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

<ပြင်ဆင် 29.07.2014>

၂၉။ မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်းငါးဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊

(ခ) မုတ်ကောင်သားဖောက်မွေးမြူခြင်း၊

(ဂ) မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊

(ဃ) ပုလဲမွေးမြူခြင်း၊

(င) ပုလဲဖော်ယူခြင်း၊

(စ) မုတ်ခွံရောင်းချခြင်း။

<ပြင်ဆင် 29.07.2014>

၃၀။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဒ်မ ၉ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ဆယ်သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(က) ပယ်ဖျက်

Myanmar Law Information System (MLIS)

(ခ) ပယ်ဖျက်

<ပြင်ဆင် 29.07.2014>

၃၁။ မည်သူမဆို ပုဒ်မ ၁၃ ပုဒ်မခွဲ (က)အရ သတ်မှတ်ထားသည့် မုတ်ကောင်ငုပ်ကွက်အတွင်း အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်းနှစ်ဆယ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည် -

(က) ရေအောက်ကြမ်းပြင်တွင် ချွန်ထက်သော အသွားများ၊ ချိတ်များ၊ ထွန်ခြစ်များပါသော ငါးဖမ်းကိရိယာ တစ်မျိုးမျိုးကို အသုံးပြု၍ မြေထိုးဖွငါးဖမ်းခြင်း၊

(ခ) ရေယာဉ်ပေါ်မှချောဆီ၊ လောင်စာဆီ သို့မဟုတ် ရေထုညစ်ညမ်းစေမည့် အခြားအညစ်အကြေးများကို ထုတ်ပစ်ခြင်း၊ စွန့်ပစ်ခြင်း၊ ယိုဖိတ်ခြင်း သို့မဟုတ် ပြန့်လွင့်စေခြင်း။

<ပြင်ဆင် 29.07.2014>

၃၂။ ပယ်ဖျက်

<ပြင်ဆင် 29.07.2014>

၃၂။ မည်သူမဆို ပုဒ်မ ၁၃ ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် မုတ်ကောင်ငုပ်ကွက်အတွင်း အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁၀ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်းငါးဆယ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပေါက်ကွဲစေတတ်သော ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေတတ်သော အခြားပစ္စည်းများကို သုံးစွဲခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါပစ္စည်းများကို ရေယာဉ်ပေါ်တွင် တင်ဆောင်ထားရှိခြင်း။

<ပြင်ဆင် 29.07.2014>

၃၃။ မည်သူမဆိုစစ်ဆေးရေးအရာရှိက တာဝန်အရ စစ်ဆေးနေစဉ်မုတ်ကောင်၊ ရေငုပ်ကိရိယာ သို့မဟုတ် ပြစ်မှုနှင့်သက်ဆိုင်သော အခြားပစ္စည်းတစ်စုံတစ်ရာကိုကွယ်ဝှက်ကြောင်း သို့မဟုတ် စစ်ဆေးရေးအရာ ရှိ၏ ခွင့်ပြုချက်မရရှိဘဲ စွန့်ပစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်းနှစ်ဆယ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 29.07.2014>

၃၄။ မည်သူမဆို ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိချမှတ်ရမည် -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေး မယူဘဲ ထိမ်ချန်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

<ပြင်ဆင် 29.07.2014>

၃၅။ မည်သူမဆိုပုဒ်မ ၁၅ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ဆယ်သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 29.07.2014>

၃၆။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင်သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

<ပြင်ဆင် 29.07.2014>

## အခန်း (၁၄)

## အထွေထွေ

<ပြင်ဆင် 29.07.2014>

၃၇။ ဤဥပဒေပြဋ္ဌာန်းသည့်အချိန်၌ တည်ဆဲဖြစ်သော ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိ စေကာမူ မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့် ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်းသို့မဟုတ် မုတ်ခွံရောင်းချခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

<ပြင်ဆင် 29.07.2014>

၃၈။ ဝန်ကြီးဌာနသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် ကိုလိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 29.07.2014>

၃၉။ ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအား ခွင့်ပြုမိန့်ရရှိသူနှင့် ထုတ်လုပ်မှုအပေါ် မျှဝေခံစားသောလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနမှ သတ်မှတ်သော ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်းအတွက် စာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့် ပြုနိုင်သည်။

<ပြင်ဆင် 29.07.2014, 25.09.2018>

၄၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက် စာတမ်းအထောက်အထားများဖြင့်

Myanmar Law Information System (MLIS)

တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

<ပြင်ဆင် 29.07.2014>

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 29.07.2014>

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

Myanmar Law Information System (MLIS)